# ထောင်စုနှစ်ဖွံ့ဖြိုးရေး ပန်းတိုင်များ

ကုလသမဂ္ဂအဖွဲ့ဝင် ၁၈၉ နိုင်ငံလုံးက ကတိကဝတ်ပြုထားကြသည်မှာ ၂၀၁၅ ခုနှစ်သို့ အရောက်တွင် --

**၁။ ချွတ်ခြုံကျ ဆင်းရဲမွဲတေမှုနှင့် ငတ်မွတ်ခေါင်းပါးမှုကို ပပျောက်စေမည်။**

- တစ်နေ့လျှင် တစ်ဒေါ်လာအောက်ရှိ ဝင်ငွေဖြင့် အသက်မွေးနေထိုင်နေရသူများ ဦးရေ အချိုးအစားကို ထက်ဝက်မျှ လျှော့ချမည်။
- အငတ်ဘေးဒဏ်ခံနေရသူများ ဦးရေ အချိုးအစားကို ထက်ဝက်မျှလျှော့ချမည်။

**၂။ တစ်ကမ္ဘာလုံး မူလတန်းပညာ တတ်မြောက်စေမည်။**

- ယောကျ်ားလေးနှင့် မိန်းကလေးများအားလုံး အခြေခံပညာရေးကို မသွေမုချ အပြီးတိုင် သင်ကြားတတ်မြောက်စေမည်။

**၃။ အမျိုးသမီး၊ အမျိုးသား တန်းတူညီမျှရေးကို မြှင့်တင်၍ အမျိုးသမီးစွမ်းဆောင်မှု အခွင့်အလမ်း တိုးမြင့်စေရမည်။**

- ကျား/မ ခွဲခြားမှုကို အခြေခံမူလတန်းနှင့် အလယ်တန်းပညာရေး၌ ဖြစ်နိုင်လျှင် ၂၀၀၅ ခုနှစ် အရောက်တွင် ပပျောက်စေမည်။ အဆင့်အားလုံး၌မူ ၂၀၁၅ ခုနှစ်တွင် ရှင်းလင်း သုတ်သင်ပြီး ဖြစ်စေမည်။

**၄။ ကလေး သေဆုံးမှုနှုန်း လျှော့ချမည်။**

- ငါးနှစ်အောက် ကလေးများ သေဆုံးမှုနှုန်းကို သုံးပုံနှစ်ပုံမျှ လျှော့ချမည်။

**၅။ သားဖွားမိခင် ကျန်းမာရေး တိုးမြှင့်ပေးမည်။**

- သားဖွားမိခင်များ သေဆုံးမှုနှုန်းကို လေးပုံသုံးပုံမျှ လျှော့ချမည်။

**၆။ အိပ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ်ရောဂါ၊ ငှက်ဖျားနှင့် အခြားရောဂါများကို တိုက်ဖျက်မည်။**

- အိပ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ်ရောဂါ ကူးစက်ပျံ့ပွားမှုကို ရပ်တန့်စေပြီး ပပျောက်စေရန် မြေလှန်ပစ်ရေး အစပျိုး လုပ်ဆောင်မည်။

- ငှက်ဖျားရောဂါနှင့် အခြားအဓိကရောဂါကြီးများ ဖြစ်ပွားမှုကို ရပ်စဲစေပြီး လျော့နည်း ရပ်တန့်သွားစေရန် အစပျိုး လုပ်ဆောင်မည်။

## ၇။ ပတ်ဝန်းကျင်အခြေအနေ စဉ်ဆက်မပြတ် တည်တံ့ရေး မုချမသွေ ဖြစ်စေမည်။

- စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုဝါဒများကို နိုင်ငံတော်၏ ပေါ်လစီနှင့် စီမံကိန်းများတွင် ပေါင်းစပ်ထည့်သွင်းပေးမည်။ ပတ်ဝန်းကျင် သယံဇာတနှင့် အရင်းအမြစ် ပျက်စီးဆုံးရှုံးမှုများကို လျော့နည်း ရပ်တန့်သွားစေမည်။

- သန့်ရှင်းစင်ကြယ်သော သောက်သုံးရေ စဉ်ဆက်မပြတ် မရရှိနိုင်သူများ ဦးရေကို ထက်ဝက်မျှ လျှော့ချမည်။

- ၂၀၂၀ခုနှစ်အရောက်တွင် မြို့စွန်မြို့ဖျား ဆင်ခြေဖုံးအရပ်များ၌နေထိုင်သူ အနည်းဆုံးသန်း(၁၀၀)၏ဘဝ သိသာစွာ တိုးတက် ကောင်းမွန်ရေး အောင်မြင်ရမည်။

## ၈။ ဖွံ့ဖြိုးရေးအတွက် တစ်ကမ္ဘာလုံး ပေါင်းဖက် ဆောင်ရွက်မှု ဖန်တီး ပြုလုပ်မည်။

- စည်းမျဉ်းအခြေခံပြီး တွက်ဆမျှော်မှန်းနိုင်၍ ခွဲခြားမှုမရှိသော တံခါးဖွင့်ကုန်သွယ်ရေးနှင့် ငွေကြေးစနစ်ကို ပိုမိုတိုးတက်စေမည်။ တစ်နိုင်ငံချင်းနှင့် နိုင်ငံတကာ အနေအထားဖြင့် ကောင်းသော စိုးမိုးအုပ်ချုပ်ရေး၊ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးတို့အတွက် ကတိပြုချက် ပါဝင်စေမည်။

- ဖွံ့ဖြိုးမှု အနည်းဆုံး နိုင်ငံများ၏ အထူး လိုအပ်ချက်များကို အာရုံစိုက်ဦးတည်မည်။ ဤအရေးတွင် ၎င်းတို့၏ ပို့ကုန်များအတွက် အကောက်ခွန် ကင်းလွတ်မှုနှင့် ကုန်စည်ပမာဏ ကန့်သတ်ချက် ကင်းလွတ်မှု၊ ကြွေးမြီဒဏ် ပိနေသည့် ဆင်းရဲနွမ်းပါးသော နိုင်ငံများအဖို့ ကြွေးမြီသက်သာလွတ်ကင်းမှု တိုးတက်ရရှိခြင်း၊ နှစ်နိုင်ငံချင်း တရားဝင်ချေးငှားသော ကြွေးမြီများ လျော်ပစ်ခြင်း၊ ထို့အပြင် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးအတွက် ပဋိညာဉ်ခံယူထားသော နိုင်ငံများအတွက် တရားဝင် ဖွံ့ဖြိုးရေး အကူအညီများ ပိုမိုရက်ရောစွာ ပေးရေးတို့ ပါဝင်သည်။

- ကုန်းတွင်းပိတ်နိုင်ငံများနှင့် ဖွံ့ဖြိုးဆဲ ကျွန်းနိုင်ငံငယ်များ၏ အထူး လိုအပ်ချက်များကို အာရုံပြု ဦးတည် လုပ်ဆောင်မည်။

- ရေရှည်တွင် ကြွေးမြီဒဏ်ခံနိုင်ရေးအတွက် တစ်နိုင်ငံချင်း အနေဖြင့်ဖြစ်စေ၊ နိုင်ငံတကာ အနေဖြင့်ဖြစ်စေ အစီအမံများ ပြုလုပ်ကာ ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ကြွေးမြီပြဿနာများကို ဘက်စုံထောင့်စုံမှ ကိုင်တွယ်ဆောင်ရွက်မည်။

- ဖွံ့ဖြိုးဆဲနိုင်ငံများနှင့်ပူးပေါင်းဆောင်ရွက်ကာ လူငယ်များအတွက် သင့်တင့်လျောက်ပတ်၍ အကျိုးဖြစ်ထွန်းစေနိုင်သော အလုပ်အကိုင်များ ဖန်တီးပေးမည်။

- ဆေးဝါးထုတ်လုပ်သော ကုမ္ပဏီများနှင့် ပူးပေါင်း၍ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် အရှိမဖြစ် လိုအပ်သော ဆေးဝါးများကို ဈေးနှုန်း သက်သာစွာဖြင့် ရရှိနိုင်ရန် ပြုလုပ်ပေးမည်။

- ပုဂ္ဂလိကအပိုင်းနှင့် ပူးပေါင်း၍ နည်းပညာသစ်များ၊ အထူးသဖြင့် ပြန်ကြားရေးနှင့် ဆက်သွယ်ရေးနည်းပညာများမှ အကျိုးကျေးဇူးများ ရရှိစေရန် ဆောင်ရွက်မည်။

*ရည်မှန်းချက်အားလုံးကို ၁၉၉၀ ပြည့်နှစ် အခြေခံထား တိုင်းတာတွက်ချက်ထားခြင်း ဖြစ်ပါသည်။*

Published by the United Nations Department of Public Information
DPI/2263 – February 2002